# စစ်အာဏာသိမ်းမှု တနှစ်ပြည့် ချိန်ထိုးအကဲဖြတ်အပ်သည့် ရှုထောင့်သုံးရပ်

## ဖြစ်ရပ်အချက်အလက်

မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို နောက်ပြန်လန်ကျစေခဲ့တဲ့ စစ်အာဏာသိမ်းမှုဟာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ တနှစ်ပြည့်ပါတယ်။ အာဏာသိမ်းစစ်ကောင်စီက အရေးပေါ်အခြေအနေ ကြေညာခြင်းကို နောက်ထပ်ခြောက်လ သက်တမ်းတိုးခဲ့ပါတယ်။ စစ်အာဏာရှင်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုက ပုံသဏ္ဍာန်မျိုးစုံနဲ့ ဆက်ရှိနေပြီး၊ အခု ဖေဖော်ဝါရီ ၁ ရက် 'အသံတိတ်သပိတ်'ဆင်နွှဲပြီး ဆန့်ကျင်ကြောင်း ပြသရာမှာလည်း (စစ်ကောင်စီဘက်က ကြိုတင်ဖမ်းဆီး၊ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေ ရှိတဲ့ကြားက တွန့်ဆုတ်မသွားဘဲ) လူထုက ပူးပေါင်းပါဝင်ခဲ့ပါတယ်။

## ကနဦးသုံးသပ်ချက်

အာဏာသိမ်းခဲ့တဲ့အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေဟာ သူတို့အပေါ်ဆန့်ကျင်တဲ့ တွန်းလှန်ပုန်ကန်မှုမျိုးစုံကို နိုင်ငံအနှံ့ ဒေသအများစုမှာ ရင်ဆိုင်နေရပြီး အာဏာကိုင်စွဲအုပ်ချုပ်ခွင့်လည်း အခုထိမရသေးပါဘူး။ စစ်အာဏာသိမ်းမှုကြောင့် နိုင်ငံတကာမျက်နှာစာမှာ အဖတ်ဆယ်လို့မရအောင် နိုင်ငံရဲ့ ဂုဏ်သိက္ခာက ချွတ်ခြုံကျခဲ့ရပြီဖြစ်သလို ပြည်သူလူထုရဲ့ နိစ္စဓူဝ ရှင်သန်ရပ်တည်ရမှုတွေကလည်း အဆိုးဆုံးသောအခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ စစ်ကောင်စီဘက်က ဖမ်းဆီး နှိပ်စက်တာတွေ၊ တိုက်ပွဲတွေနဲ့အတူ စစ်ပြေးဒုက္ခသည် တိုးပွားလာတာနဲ့ အရပ်သားသေဆုံးမှု စံချိန်တင်များလာတာ စတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတွေကိုလည်း ကြီးစွာရင်ဆိုင်နေရပါတယ်။

ISPONPOINT

ယခုဖော်ပြသည့် ISP's OnPoint ကဏ္ဍတွင် လတ်တလော ဖြစ်ပေါ်နေသော ထူးခြားအရေးပါသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ ဆီလျော်မည့် ကနဦး သုံးသပ်ချက်များကို ကျစ်ကျစ်လျစ်လျစ် ပိုင်းခြားရေးသားပြီး ဖြစ်တန်ခြေများအား ISP-Myanmar က အကဲဖြတ် ဖော်ပြသွားပါမည်။

စစ်အာဏာသိမ်း တနှစ်ပြည့် မြန်မာနိုင်ငံရဲ့ အခြေအနေကို ပြန်ကြည့်တဲ့အခါ ချိန်ထိုး အကဲဖြတ်အပ်တဲ့ ရှုထောင့်သုံးရပ် ရှိပါတယ်။ ပထမတခုက တွန်းလှန်ပုန်ကန်မှုတွေနဲ့ ကိုင်တွယ်ဖြေရှင်းမှုတွေက လတ်တလော နိုင်ငံရေးအခင်းအကျင်းအပေါ် ဘယ်လို အပြောင်းအလဲ ရလဒ်ဖြစ်စေနိုင်မလဲဆိုတဲ့ ရှုမြင်ချက်ပါ။ ဒုတိယအချက်က ပလေယာအသစ်တွေ ပေါ်လာခြင်းက ရှိရင်းစွဲ နိုင်ငံရေးအခြေအနေအပေါ်ဘယ်လိုသက်ရောက်စေမလဲဆိုတာနဲ့ တတိယတခုက မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တန်ဖိုးထားမှု နှုန်းစံတွေက ဒီအဖြစ်အပျက်တွေနောက်ပိုင်း ဘယ်လို အပြောင်းအလဲ ဖြစ်စေသလဲဆိုတာ ဖြစ်ပါတယ်။

စစ်ကောင်စီဟာ ပြည်သူအများစုရဲ့ဆန္ဒကို လျစ်လျူရှု ပစ်ပယ်ထားတဲ့အပြင် လူထုအပေါ် လူ့အခွင့်အရေး ချိုးဖောက်တာတွေ၊ ရက်ရက်စက်စက် ဖမ်းဆီးသတ်ဖြတ် နှိမ်နင်းတာတွေကိုလည်း မလျှော့သေးပါဘူး။ ဒါတင်မကဘဲ အာဆီယံ ဘုံသဘောတူညီချက် ငါးရပ်ကို ဖြစ်ဖြစ်မြောက်မြောက် အကောင်အထည်ဖော်တဲ့ ပုံလည်း မရှိပါဘူး။ စစ်အာဏာရှင်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုဘက်ကလည်း စစ်ကောင်စီ ‘လုံးဝအုပ်ချုပ်ခွင့်မရစေဖို့’ အတွက် နည်းပေါင်းစုံသုံး ဖိအားပေးမှု ဆက်လုပ်နေတဲ့အပြင် လက်နက်ကိုင်တွန်းလှန်မှုကိုပါ အားပြုလာကြပါတယ်။ ဒါကြောင့် ပထမရှုမြင်ချက်အရကြည့်ရင်လူထုလိုလားတဲ့နိုင်ငံရေးအခင်းအကျင်း အပြောင်းအလဲဖြစ်စေဖို့ ရေတိုမှာ မဖြစ်နိုင်သေးဘဲ ရေရှည်မြော်မြင်ချက်နဲ့ ဆက်လုပ်ရဦးမယ့်အခြေအနေ ရှိပါတယ်။ ဒါပေမဲ့ ရေတို ရလဒ်ထွက်ချင်ဇောကဲလွန်းတဲ့ တုံ့ပြန် ဆောင်ရွက်ချက်တွေကြောင့် ပြင်းထန်တဲ့ နာကျည်းမှုတွေ၊ အနိုင်-အရှုံး သဲသဲကွဲကွဲရချင်တဲ့ ‘ရန်-ငါ စည်း’ တွေးခေါ်မှုတွေက သက်ရောက်မှုကြီးမားနေဆဲ ဖြစ်ပါတယ်။

ဒုတိယရှုမြင်ချက်အရ ပလေယာသစ်တွေရဲ့အခန်းကဏ္ဍ အရေးကြီးပါတယ်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အပါအဝင် ဒေသခံပြည်သူ့ကာကွယ်ရေးတပ် ( PDF၊ LDF၊ CDF၊ KNDF စသည်ဖြင့်) တွေရဲ့ အခန်းကဏ္ဍကိုထည့်မစဉ်းဘဲ ဒီနိုင်ငံရဲ့ပြဿနာတွေ ပြေလည်မှုရနိုင်မှာ မဟုတ်ပါဘူး။ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး ကိစ္စတွေကအစ နိုင်ငံရေးပြဿနာ ဖြေရှင်းမှုအဆုံး ဒီပလေယာသစ်တွေရဲ့ အခန်းကဏ္ဍကို နိုင်ငံတကာကပါ တိတိပပ ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုပြီး ဆောင်ရွက်မှသာ ပြေလည်နိုင်ပါမယ်။ ဒီအတွက် အကျပ်အတည်း ဆက်ရှိနေပုံပါပဲ။

နောက်ဆုံးရှုမြင်ချက်က မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တန်ဖိုးထားမှု နှုန်းစံတွေနဲ့ လက်ခံကျင့်သုံးမှုတွေ အပြောင်းအလဲ ဖြစ်လာပါတယ်။ နိုင်ငံရေးမှာ ပိုမိုနိုးကြားတက်ကြွစွာ ပါဝင်လာခြင်းနဲ့အတူ ‘အားလုံး ပါဝင်ရေး’ဆိုတဲ့ သဘောထားနဲ့ မူဝါဒတွေ ရှေ့တန်းရောက်လာပါတယ်။ လူမျိုးစုတွေအကြား၊ ဘာသာ မတူသူတွေအကြား ခွဲခြားဖိနှိပ်မှုတွေကို ကန့်ကွက်ရှုတ်ချကြပြီး ခေတ်ဟောင်း၊ စနစ်ဟောင်းတွေကို တွန်းလှန်ဖြိုချလိုတဲ့ အယူအဆတွေ အားကောင်းလာပါတယ်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

အာဏာသိမ်းမှုတနှစ်လွန်အခြေအနေကိုအကဲဖြတ်ရာမှာလည်း အခုတင်ပြခဲ့တဲ့ ရှုမြင်ချက်သုံးရပ်နဲ့ပဲ ချိန်ထိုးကြည့်ပါမယ်။ ရေတို ရလဒ်ထွက်ချင်ဇောကဲလွန်းတဲ့ တုံ့ပြန် ဆောင်ရွက်ချက်တွေ ထက် ရေရှည်အတွက် စနစ်တကျပြင်ဆင်နိုင်ခဲ့ရင် လူထု မျှော် လင့်နေတဲ့ ရလဒ်ကောင်းထွက်ဖို့ ပိုပြီးနီးစပ်နိုင်ပါတယ်။ ‘ပါး ရိုက်ရင် နားကိုက်မယ်’ဆိုတဲ့ တုံ့ပြန်မှုမျိုးကိုပဲ ဦးစားပေးပြီး ရလဒ်ထွက်ရေးကို မစဉ်းစားနိုင်ရင် ရေရှည်မှာ အပြောင်းအလဲ ဖြစ်ဖို့ ခက်ခဲနိုင်ပါတယ်။ ဒုတိယတခုဖြစ်တဲ့ ပလေယာသစ်တွေရဲ့ အခန်းကဏ္ဍကို နိုင်ငံတကာအပါအဝင် အင်အားစုအသီးသီးက ဝါးတားတားလုပ်မနေဘဲ ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုပြီး အတိအလင်း ပူးပေါင်းဆောင်ရွက်တာတွေ လုပ်မယ်၊ ပလေယာ သစ်တွေဘက်ကလည်း ဒီအခြေအနေရအောင် လုပ်ဆောင်မယ် ဆိုရင် မြင်သာတဲ့ အချိုးအကွေ့တွေ ဖြစ်လာနိုင်ပါတယ်။ ဒီလို စဉ်းစားချက်မျိုး အားနည်းပြီး ‘ဟိုကွေ့ရောက် ဟိုတက်နဲ့လှော်၊ ဒီကွေ့ရောက်ရင် ဒီတက်နဲ့လှော်’ဆိုတဲ့ စဉ်းစားချက်၊ လုပ်ဆောင် ချက်မျိုး လွှမ်းမိုးနေရင် ရေရှည်မှာ အခက်ကြုံရနိုင်ပါတယ်။ တတိယတခုအနေနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တန်ဖိုးထားမှု စံနှုန်းတွေနဲ့ ကျင့်သုံးလိုက်နာမှု ပြောင်းလဲခြင်းတွေက ဘုံရန်သူ ကို တိုက်နေလို့ အားကောင်းတာထက် ပြောင်းလာတဲ့ အယူ အဆနဲ့ လက်ခံကျင့်သုံးမှုတွေ လူ့အဖွဲ့အစည်းအတွင်း နက်နက် ရှိုင်းရှိုင်း အမြစ်တွယ်ကျင့်သုံးနိုင်ဖို့ လုပ်ရပါဦးမယ်။ အထူးသဖြင့် လူတိုင်းနီးပါး ‘မျှဝေခံစားမှုရှိတဲ့ နိုင်ငံသားများ’အဖြစ် ခံယူကျင့် သုံးနိုင်ဖို့အတွက် ဆက်ပြီးကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။

## စစ်ပြေးဒုက္ခသည် ငါးသိန်းကျော်အထိ ရှိလာ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ နိုင်ငံအနှံ့ ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် စစ်ပြေးဒုက္ခသည်အရေ အတွက် ၅၄၈,၁၅၄ ဦးထက်မနည်း ရှိခဲ့ပါသည်။ ကယားပြည်နယ်တွင် စစ်ပြေးဒုက္ခသည် ၁၃၀,၂၀၀ ဦးထက်မနည်းရှိခဲ့ကာ စစ်ကိုင်းနှင့် မကွေး တိုင်းအတွင်း နှစ်ခုပေါင်း စစ်ပြေးဒုက္ခသည် ၁၈၈,၀၀၀ ကျော် ရှိခဲ့ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်သည်။

## နိုင်ငံအနှံ့ တိုက်ပွဲဖြစ်ပွားမှု အကြိမ်ရေ ၂,၃၀၀ ကျော်ထက်မနည်း ရှိခဲ့




* ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ကောက်ယူထားသော အချက်အလက်များ ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အတွင်း နိုင်ငံအနှံ့ တိုက်ပွဲဖြစ်ပွားမှု ၂,၃၂၅ ကြိမ်ထက်မနည်း ဖြစ်ခဲ့ပြီး၊ တိုက်ပွဲများကြောင့် အရပ်သားသေဆုံးမှု ၄၃၄ ဦးထက်မနည်း ရှိခဲ့သည်။ ထိုတိုက်ပွဲများသည် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်များ (EAOs) အကြား၊ စစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များအကြား (PDF၊ LDF၊ CDF၊ KNDF စသည်ဖြင့်)နှင့် တိုင်းရင်းသား လက်နက်ကိုင် (EAO) အချင်းချင်းအကြား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်ပွားမှုများမှာ ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် အမြင့်ဆုံး ရောက်ခဲ့ပြီး တလတည်း ၃၃၅ ကြိမ်ထက်မနည်းဖြစ်ခဲ့ကာ အများစုသည် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ စစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်များအကြား တိုက်ပွဲဖြစ်ပွားမှုများသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ပိုများလာကာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အမြင့်ဆုံးသို့ရောက်ခဲ့သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။